

Team Villians

# ကြယ်တာရာသားရဲမျှားဓါး ကမ္ဘာ

(စုပင်း)

## (Chapter 52 - 68)

စာစဉ် - ၄

ဘာသာပြန် စာရေးဆရာ - Soul

# အခန်း ၅၂
# အဆင့်ကိုးသားရဲ

"အာကာသ အက်ကြောင်းထဲ ရှိတဲ့ နေရာက သားရဲတွေ နေနိုင်တဲ့ နေရာ ဖြစ်ပြီးတော့ အမည်မသိကြယ်စုတွေထဲမှာ လွင့်မြောနေလို့ ဂြိုလ်တစ်ခု လား အပိုင်းအစ တစ်ခုလားဆိုတာ ခုချိန်ထိတပ်အပ် မပြောနိုင်သေးဘူး" ဖ န်းယူကျင်း အလေးအနက်ထားပြီး ရှင်းပြနေ၏ ။

"အဲဒီထဲမှာ ဒေသခံ သားရဲတွေ အများကြီးနေထိုင်ကြတယ်။အများစုက ရန်လိုတယ် ။ ဝင်ပေါက်အနားမှာ ရထားတဲ့ အချက်အလက်အရ အဆင့်နိမ့် နဲ့ အလည်အလတ်အဆင့် သားရဲတွေပဲ အများစု တွေ့ရတယ်လို့ ပြောထား တယ် ။ ဒါပေမဲ့ ကျတော်တို့ အဖွဲ့ အတွင်းထဲ ပိုပြီး ဆက်ဝင်သွားတော့ အလယ်အလတ်နဲ့ အဆင့်မြင့် သားရဲတွေ ပိုတွေ့လာတယ်" ဖန်းယူကျင်း ပြောလာ၏ ။

"တွေ့သမျှအထဲ အသန်စွမ်းဆုံးက အဆင့်ရှစ် မီးတောက် အရိုးနဂါးပဲ ။ တော်သေးတာက အရင်တွေ့လိုက်လို့ ရှောင်လို့ ရသွားတာပဲ" ထိုအခါမှ ပြောရင်း အသိပေး လွန်သွားကြောင်း ဖန်းယူကျင်း သတိရလာ၏ ။

အဆင့်ရှစ် မီးတောက် အရိုးနဂါးမှာ သွားရှုပ်မရသော သားရဲဖြစ်ကာ စု ပင်းမှာ သန်စွမ်းသော်လည်း အသက်မှာ နှစ်ဆယ်ကျော်ရုံ ထင်ရ၍ အဆင့် ရှစ် သားရဲအား နှိမ်နင်းနိုင်မည်ဟု ဖန်းယူကျင်း ထင်ထားခြင်း မရှိပေ။တစ် ချိန်ထဲမှာပဲ သူတစ်ချက်လှမ်းခိုးကြည့်လိုက်ရာ စုပင်း၏ မျက်နှာတွင် စိုးရိမ်မှု မရှိကြောင်း တွေ့ရ၍ ဖန်းယူကျင်း အံ့ဩသွား၏ ။

"အတွင်းပိုင်းက ဘယ်လောက်ထိ ကျယ်တယ်ဆိုတာရယ်နဲ့ မင်းတို့ ဘယ်လောက်အထိ ရောက်ခဲ့ကြလဲ" စုပင်း ဖန်းယူကျင်းနှင့် မျက်လုံးချင်း ဆုံကာ မေးလိုက်၏။

"နေရာ အနှံ့ မရောက်ခဲ့လို့ ဘယ်လောက်ထိ ကျယ်သလဲဆိုတာကိုတော့ မသိရသေးဘူး။ အတွင်းထဲဆိုတာက နားလည်အောင် ပြောပြတာ။ လေ့လာရေး ပစ္စည်းတွေရဲ့ အချက်အလက်အရဆို အတွင်းဇုန်အထိ ရောက်ခဲ့တယ်"

"အရင် စူးစမ်းခြင်း အတွေ့အကြုံအရ အဆင့်ရှစ် သားရဲ တစ်ကောင်ထက် မက ရှိရမယ်။ ပြီးတော့ အဆင့်ကိုး သားရဲ ရှိနိုင်ချေလဲ ရှိတယ်" သူဘာလုပ်နေလဲ နားလည်၍ ဖန်းယူကျင်း အမှန်အတိုင်း ပြောလိုက်၏။

အဆင့်ကိုး သားရဲများမှာ သားရဲဘုရင်ထက်သာ အဆင့်နိမ့်ကာ ထိုသို့ ပြောခြင်းကြောင့် စုပင်း စိတ်ဝင်စားမှု လျော့သွားနိုင်ကြောင်း ဖန်းယူကျင်း သိထားပြီး စူးစမ်းရေး အကောင်းဆုံး အဖွဲ့များပင် အဆင့်ကိုး သားရဲအား နာမည်နှင့်ပင် ဖြူဖပ်ဖြူရော် ဖြစ်သွားနိုင်ကြောင်းလည်း သိထား၏။

"အဆင့်ကိုး?" စုပင်း မျက်စိစောင်းကာ ကြည့်ရင်း အဆင့်ကိုး သားရဲများအား ဘွဲ့နှင့် သားရဲစစ်သည်များသာ ယဥ်ပါးအောင် ပြုလုပ်နိုင်ကာ ထိုသို့ သားရဲစစ်သည်များသည် လုံကျန်း မြို့တစ်ခုလုံးတွင် လက်တစ်ဆုပ်စာ လောက်သာ ရှိကြောင်း နားလည်ထား၏။

"အဆင့် ကိုးက အမြင့်ဆုံးပဲလား။ သားရဲဘုရင် တွေ့နိုင်ချေ မရှိဘူးလား" အခြားအရာများမှာ စိုးရိမ်စရာ မရှိ၍ လိုအပ်သော မေးခွန်း စုပင်း မေးလိုက်၏။

အကယ်၍ အဆင့်ကိုး သားရဲအား မြောက်ဆံအဖြစ် သဘောထားလျှင် သားရဲဘုရင်မှာ ချူကလီးယား အသေးစား ဖြစ်ကာ ထိုသားရဲ နှစ်မျိုးမှာ ထိုမျှ ကွာခြားပြီး သားရဲဘုရင် တစ်ကောင်နှင့် မြို့တစ်ဝက် ဖျက်စီးနိုင်၏။

ဖန်းယူကျင်း ကြားလျှင် စူးစမ်းသူများအတွက် မပြောအပ်သော နာမည် ဖြစ်နေခြင်းကြောင့် ချက်ချင်း မျက်နှာ သွေးဆုတ်သွား၏။

"အဲ့ဒါတော့ မဖြစ်နိုင်ဘူး ။ သားရဲဘုရင် ရှိရင် အခုတွေ့ရတဲ့ အဆင့်ရှစ်နဲ့ အဆင့်ကိုး သားရဲတွေ ဒီထက် ပိုများနေမှာ ။ မဟုတ်ရင် သားရဲဘုရင် အတွက် အစာလောက်မှာ မဟုတ်ဘူး ။ ဒါမှမဟုတ် သားရဲဘုရင်က အရွက် စားသားရဲ မဟုတ်ရင်ပေ့ါ" စုပင်း နောက်နေခြင်း မဟုတ်ကြောင်း သိလိုက် ရ၍ ဖန်းယူကျင်း ခေါင်းရမ်းကာ ပြောလိုက်၏။

"ဒါပေမဲ့ အဲ့ဒီမှာ သေဆုံးခြင်း အငွေ့အသက် တအားများပြီးတော့ သားရဲ ဘုရင် ဖြစ်နိုင်တဲ့ အရွက်စားသားရဲက ရှားတာနဲ့ဆိုတော့ မရှိနိုင်ဘူး" ဖန်း ယူကျင်း ဆက်တိုက် ပြောလာ၏။

"အဖွဲ့ရဲ့ ခွန်အား ဘယ်လောက်ရှိလဲ" စုပင်း ခေါင်းညှိမ့်ကာ မေးလိုက်၏။

"စူးစမ်းရေး အဖွဲ့တွေက အမြဲတမ်း ငါးယောက်နဲ့ ဖွဲ့ထားတယ် ။ အခု အနာတရ ဖြစ်တဲ့ နှစ်ယောက်ဖယ်ရင် ခေါင်းဆောင်ရယ် ၊ နောက်တစ် ယောက်ရယ် ကျတော်ရယ် သုံးယောက် ရှိတယ် ။ ကျတော်က အဆင့် ခြောက် အလယ်အလတ်နဲ့ အသန်မာဆုံး သားရဲက အဆင့်ခုနစ် အနိမ့် ရှိ တယ်"

"အင်အား အကြီးဆုံးက ခေါင်းဆောင် ဖြစ်ပြီးတော့ အဆင့်ခုနစ် သားရဲ စစ်သည်နဲ့ အဆင့်ရှစ် အမြင့်သားရဲ တစ်ကောင်ရှိတယ် ။ ဒါပေမဲ့ အဲ့ဒီ သားရဲက မကောင်းဆိုးဝါးမျိုးနွယ် သားရဲဖြစ်တဲ့ မီးတောက် အရိုးနဂါးနဲ့ တော့ မယှဥ်နိုင်ဘူး ။ နောက်တစ်ယောက်က ကျတော်နဲ့ ကိုယ်မသာ သူမ သာပါပဲ" ဖန်းယူကျင်း ပြောပြလိုက်သည်။

"ဒါဆို အဖွဲ့ရဲ့ အမြင့်ဆုံး ရောက်နိုင်တဲ့ အင်အားက အဆင့်ရှစ်ပဲ ရှိတာ ပေ့ါ" ၎င်းက သားရဲဘုရင် မပြောနှင့် အဆင့်ကိုး သားရဲနှင့်ပင် တိုက်ခိုက်

နိုင်ခြင်းမရှိပေ။ အလွန် အင်အားနည်းလှကြောင်းကို စုပင်း တွေးရင်း မျက်မှောင် ကြုံ့မိလိုက်၏ ။

စုပင်း၏ အလိုမကျမှုနှင့် အထင်သေးနေသော မျက်နှာ အမူအယာအား ကြည့်ရင်း ဖန်းယူကျင်း ရှက်သွား၏ ။

အမှန်တကယ်လည်း သူတို့အဖွဲ့မှာအာကာသ အက်ကြောင်းများကို စူးစမ်းခြင်းသာ လုပ်နိုင်သည့် အလယ်အလတ် အဖွဲ့မျှသာဖြစ်သည်။ အခြား အဖွဲ့များမှာ တတိယအဆင့် ဂြိုလ်ပြာပေါ်ရှိ မသိမ်းရသေးသော နယ်မြေများသာ စူးစမ်းနေရခြင်းကြောင့် ဂုဏ်ယူစွာ မိတ်ဆက် ပေးခဲ့ခြင်းကြောင့် ဖြစ်၏ ။

ဖန်းယူကျင်း အထင်သေးခံရခြင်းကြောင့် ဖန်းရှောင်းယုလည်း စိတ်အနှောင့်အယှက် ဖြစ်သွား၏။ သူမ၏အကိုသည် အခြားသူများထက်သာသော ပါရမီရှင် တစ်ယောက်အဖြစ် ငယ်ငယ်ထဲက သူမ၏စိတ်ထဲ သတ်မှတ်ထားခြင်းကြောင့် ဖြစ်၏ ။

သူမအကို ဖန်းယူကျင်းမှာ ကျောင်းတွင် အလွန်ကျော်ကြားသူတစ်ဦး ဖြစ်ပြီး ဘွဲ့ရပြီးချိန်၌ ဒုတိယအဆင့် စူးစမ်းရေး အဖွဲ့ထဲ ဝင်ကာ ယခု အင်အားနှင့် နေရာကို နှစ်အနည်းငယ်အတွင်း ရရှိလာခြင်းဖြစ်သည်။ ထို့ကြောင့် သူ၏အနာဂတ်မှာ လှပနေသည် ဖြစ်သော်လည်း ယခုမှာမူ တစ်ဖက်လူ၏ အထင်သေးခံရခြင်းကို ခံနေရသည်။

သို့သော် စုပင်းမှ သူမအကို၏ လက်အား ချိုးလိုက်ခြင်းကို သူမမှတ်မိနေ၏။ မဟုတ်ပါက ဖန်းရှောင်းယု ချက်ချင်း ပြန်ပြောလိုက်မည် ဖြစ်သည်။ ဤကမ္ဘာပေါ်တွင် အစွမ်းအစကို လက်သီးနှင့်သာ ဆုံးဖြတ်ခြင်းကြောင့် ဖန်းယူကျင်းအပေါ် အထင်သေးသူမှာ ထူးခြားပြီး အင်အားကြီးသော စုပင်း ဖြစ်နေခြင်းကြောင့် ဘာမှ မပြောနိုင်ပေ ။

ဖန်းရှောင်းယု အမြင်တွင် စုပင်းမှာ လူထူးဆန်းဖြစ်ကာ ငယ်ရွယ်ချိန် စိတ်လှုပ်ရှားမှုနှင့် ဦးဆောင်မှု မလုပ်ပဲ ဘဝအား သားရဲစတိုးဆိုင်တွင် မြှုပ်ထားကာ ပါရမီအား ဖြုန်းတီးနေသည်ဟု မြင်နေ၏။

ထိုမောင်နှမ၏ အထင်အမြင်များအား စုပင်း လစ်လျူရှုထားကာ ခရီးမှ အန္တရာယ်အား တွက်ဆနေ၏။

"စနစ်၊ ကာကွယ်ရေးအတွက် ကိရိယာတွေ ရှိလား" စိတ်ထဲမှ စုပင်း မေးလိုက်၏။

(နိုး) တစ်လုံးထဲ ဖြေလာ၍ အသုံးမကျသော စနစ်အား အားမကိုးရန် စုပင်း ဆုံးဖြတ်ရင်း အဆင့်ကိုး သားရဲနှင့် တွေ့လျှင် ဟူသော အဆိုးဆုံးအား တွေးကာ အံကြိတ်ရင်း ပြင်ဆင်နေ၏။

အခြား နယ်မြေများတွင် သွားရောက်ကာ စူးစမ်းခြင်းသည် ကစားစရာ မဟုတ်ပဲ အသက်နှင့် ရင်းရသောကြောင့် စုပင်း၏ ပြန်ဖြေသံကိုသာ ဖန်းရှောင်းယုနှင့် ဖန်းယူကျင်း တိတ်ဆိတ်စွာ စောင့်နေ၏။

ခနအကြာ စုပင်း မျက်လုံးများ အရောင် ဖျော့သွားကာ "တစ်ခုခု မဝယ်တော့ဘူးလား" မောင်နှမ နှစ်ယောက်အား မေးလာ၏။

စုပင်း ဆုံးဖြတ်ချက်အား စောင့်နေသော မောင်နှမ နှစ်ယောက်လုံး သွေးအန်ချင်စိတ်ပင် ပေါ်လာ၏။

"ဦးကျောက် ပုံမှန်ကော ရှိသေးလား"

"ဒီလောက် အများကြီး ပြောပြတာတောင် အဖြေက ဒါပဲလား" စိတ်ထဲ ရေရွတ်နေကြသည်။

"ဆိုင်ရှင်၊ ဆိုင်ရှင်" ဖန်းယူကျင်း နှုခမ်းများ တဆတ်ဆတ် တုန်ရင်း ခေါ်လိုက်၏။

"နားလည်မှု မလွဲနဲ့ ။ သွားမှာပါ ။ မသွားခင် တစ်ခုခု မဝယ်ချင်ဘူးလား လို့ မေးတာ" စုပင်း ပြောလိုက်လျှင် ဖန်းယူကျင်း အံ့ဩမှုကြောင့် ပါးစပ်ဟ ကာ "တကယ်...တကယ်ပြောတာလား" မယုံကြည်စွာ မေးလိုက်၏ ။

"ဆိုင်ထဲမှာ ရှိတဲ့ ပစ္စည်းတွေက အရည်အသွေး ကောင်းတယ်ဆိုတာ သိပြီးသားပဲ မဟုတ်လား ။ ငွေရှိပြီး မသုံးပဲနေတယ် မဖြစ်အောင် တစ်ခုခု ဝယ်သွားပါလား" စုပင်း ခေါင်းညိတ်ရင်း နောက်တစ်ခါ ပြန်ပြောပြနေ၏ ။

စုပင်းစကားအား ကြားလျှင် မောင်နှမ နှစ်ယောက်လုံး အံ့ဩ ဝမ်းသာ ဖြစ်သွားကာ ခနတာ ငြိမ်သက်တိတ်ဆိတ်သွားပြီးနောက် ပူပန်မှုများ လျော့သွားသဖြင့် စင်ပေါ်ရှိ ပစ္စည်းများ ကြည့်ကာ နောက်ထပ် ထပ်ဝယ်နေ၏ ။

"ဘယလဲ...ဒါက...ဒင်္ဂါး ၁.၂ သန်းတောင်မှ" ဆင်စွယ်ရောင် အရိုးကြာပွင့် အား ဖန်းယူကျင်း တွေ့ကာ အံ့ဩပြီး ရေရွတ်လိုက်၏ ။

"ဝယ်ချင်လို့လား" စုပင်းမျက်လုံး အရောင်လက်လာပြီး မေးလိုက်၏ ။

စူးစမ်းသူများအတွက် ငွေရှာရသည်မှာ လွယ်ကူသော်လည်း တစ်သန်းမှာ ခက်ခဲသော ပမာဏ ဖြစ်နေခြင်းကြောင့် စုပင်းမှ ငွေလိမ်ယူနေခြင်းလားဟု ဖန်းယူကျင်း တွေးရင်း စကားမပြောနိုင် ဖြစ်သွား၏ ။

"အဲ့ဒါ...ဘာ...လုပ်ပေးနိုင်လဲ" ယခင်တစ်ခေါက် လေ့လာနိုင်စွမ်း တိုးမြှင့်ပေးသော အရာမှာ နှစ်သောင်းသာ ရှိပြီး ယခုတစ်ခုမှာ အဆ ခြောက်ဆယ် ကွာနေခြင်းကြောင့် ဖန်းယူကျင်း မနေနိုင်ပဲ မေးလိုက်၏ ။

"ဒါက မသေမျိုးနွယ်ရဲ့ အဆင့်မြင့် သားရဲကို အဆင့်တစ်ခု တစ်ခါထဲ တက်သွားစေနိုင်တယ် ။ အဆင့်ကိုး မသေမျိုးနွယ် သားရဲရှိရင် စားပြီးတာနဲ့ သားရဲဘုရင် ဖြစ်ဖို့ ၅% ရှိတယ်" စုပင်း အပြုံးနှင့် မိတ်ဆက်ပေးလိုက်၏ ။

မောင်နှမ နှစ်ယောက် မျက်လုံးပြူးကာ အသံမထွက်နိုင်တော့ပဲ ကြည့်

နေ၏ ။

အဆင့်မြင့် သားရဲအား အဆင့် တစ်ဆင့် တက်နိုင်သော သားရဲအစာမျိုးနှစ်ယောက်လုံး အပြင်တွင် ရှိမည်ဟု မယုံနိုင်ကာ အဆင့်ကိုး သားရဲအတွက် သားရဲဘုရင် ဖြစ်ရန် အခွင့်အရေး ရှိကြောင်း ထပ်ကြားရလျှင် ပို၍ မယုံနိုင် ဖြစ်သွားကြ၏ ။

ဗဟုသုတ အလွန်ရှိသော ဖန်းယူကျင်းပင် ထိုသို့ အရာမျိုး ဒဏ္ဍာရီ အနေနှင့်သာ ကြားဖူးကာ လက်တွေ့ မတွေ့ဖူးခြင်းကြောင့် ပုံပြင်သာ ဖြစ်မည်ဟု သတ်မှတ်ထားပြီး ယခုလို ရောင်နေသည်အား လက်မခံနိုင် ဖြစ်နေ၏ ။

"ဝယ်မှာလား" စုပင်း ထပ်မေးလိုက်၏ ။

"ကျတော့မှာ မသေမျိုးနွယ် သားရဲမရှိလို့ ဝယ်ဖို့ လိုမယ် မထင်ပါဘူး" ဖန်းယူကျင်း သတိဝင်ကာ အပြုံးတစ်ခု ညှစ်ထုတ်ရင်း ပြန်ဖြေလိုက်၏ ။

"မဝယ်ဘူးဆိုရင် ဘာလို့ ပြုံးနေသေးလဲ" စုပင်း စိတ်ပျက်သည့် မျက်နှာနှင့် ပြောလိုက်တော့သည် ။

***